# ဗုဒ္ဓဒေသနာနှင့်လောကလူသား

ဗုဒ္ဓတရားတော်သည် လွန်စွာ နက်နဲသိမ်မွေ့မြင့်မားရကား နေ့စဉ်အသက်မွေးဝမ်း ကျောင်း လုပ်ကိုင်စားသောက်နေထိုင်ကြရသည့် လောကလူသား မိန်းမ၊ ယောက်ျား များအတွက်မူ ဗုဒ္ဓကျင့်စဉ်ကို အလုံးစုံ လိုက်နာကျင့်သုံးနိုင်ကြမည်မဟုတ်ပါ။ ဗုဒ္ဓဂါဒီ အစစ် အမှန်တစ်ဦးဖြစ်လိုပါက လောကမှဖယ်ခွာ၍ ကျောင်းကန်ဘုရား ဆိတ်ငြိမ်ရာ အရပ်များသို့ 'တောထွက်' ကြရပေလိမ့်မည်ဟု အချို့ပုဂ္ဂိုလ်များက ထင်မှတ်နေကြပေသည်။ ဤကား ဝမ်းနည်းဖွယ်ရာ အထင်အမှတ် လွဲမှားနေခြင်းပင်ဖြစ်ပေသည်။ ဗုဒ္ဓဟောကြားတော်မူထားသည့် တရားတော်များကို ကောင်းစွာ နားမလည်သေး သောကြောင့် ထိုသို့ လွဲမှားမှတ်ယူနေကြကြောင်း ထင်မိပါသည်။ ဗုဒ္ဓတရားတော်သည် ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်ကြသည့် ရဟန်းသံဃာတော်များ အတွက်သာ မဟုတ်ဘဲ။ အိမ်ရာတည်ထောင် နေထိုင်ကြသည့် သာမန် လောကလူသား မိန်းမ၊ယောက်ျားများ အတွက်လည်းဖြစ်ပေသည်။ ဗုဒ္ဓဂါဒတို့ ကျင့်သုံးရာလမ်းစဉ်ဖြစ်သော မဂ္ဂင်(၈)ပါး တရားတော်မြတ်သည် ဂုဏ်ထူးဂိသေသ အဆင့်အတန်း လုံးဝခွဲခြားခြင်းမရှိဘဲ ခပ်သိမ်းသော ပုဂ္ဂိုလ်အပေါင်းတို့ အကျိုးစီးပွားအတွက် ဖြစ်ပါသည်။ ကမ္ဘာလောကကြီး တစ်ခုလုံး သာယာအေးချမ်းအောင်လည်း ဗုဒ္ဓဘုရားရှင်၏ တရားတော်များ အတိုင်းတည်ဆောက်နိုင်ပါသည်။ အထူးတလည် ကျင့်ကြံပွားများစရာ မလိုပါဘူး။ မိမိတို့သိတဲ့ အတိုင်းသာလိုက်ကျင့်ဖို့လိုတာပါ။ လူတိုင်းထို အသိရှိပြီး ကျင့်ကြမည်ဆိုပါက အားလုံးအမုန်းမရှိဘဲ သာယာဖွယ် ဖြစ်ပါလိမ့်မည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူရာ ဝေဠုဒွါရ ပုဏ္ဏားတို့ရွာသို့ ရောက်တော်မူပါသည်။ ထိုအခါရွာသူရွာသားတို့က မြတ်စွာဘုရားရှိရာသို့ လှူဖွယ်၊ ပူဇော်ဖွယ် ဂတ္တုတို့ဖြင့် လာရောက်ကြပါသည်။ ထိုသို့ လူအများလာရောက် ကြသောအခါ အလ္လာပ၊ သလ္လာပ စကားများပြောကြပြီး ထိုရွာမှအကြီးအကဲ ပုဏ္ဏားကြီးက မြတ်စွာဘုရားအား လျှောက်ထားပါသည်။ ဘယ်လို လျှောက်သလဲဆို တော့.. "မြတ်စွာဘုရား တပည့်တော်တို့ အိမ်ရာတည်ထောင်၍ နေကြသောသူတို့သည် အရှင်ဘုရားတို့လို ဆွမ်းခံစားတာ မဟုတ်တော့ ရွှေ၊ ငွေကိုလည်း မစွန့်နိုင်ပါ။ သားမယား တို့ကိုလည်း မစွန့်နိုင်ပါ။ အဝတ်ကောင်းကိုလည်း ဝတ်ချင်ပါသည်၊ အစားကောင်းကိုလည်း စားချင်ပါသည်။ ပန်းကိုလည်း ပန်လိုပါသည်။ သနပ်ခါးကိုလည်း လိမ်းလိုပါသည်။ ပွဲကိုလည်းကြည့်လိုပါသည်။ တောတောင် ကိုလည်းမထွက်နိုင်ပါ။ သေတဲ့အခါ အပါယ်လေးပါးသို့လည်း မကျလိုပါ။ နတ်ပြည်သို့ ရောက်လိုပါသည်။ သို့အတွက် မြတ်စွာဘုရားသည် တပည့်တော်တို့အား တောလည်းမထွက်ရ၊ သားမယားကို သာယာလျက်၊ ရွှေ၊ ငွေ ကိုလည်း သာယာလျက်၊ အစားကောင်းကိုလည်း စားကာ၊ အဝတ်ကောင်းကိုဝတ်လျက်၊ ပန်းကိုလည်းပန်ကာ၊ သနပ်ခါးလိမ်းလျက်၊ ပွဲလည်းကြည့်ကာ၊ အပါယ်လေးပါးသို့ မကျဘဲ နတ်ပြည်သို့ ရောက်တဲ့တရားကို ဟောတော်မူပါဘုရားတဲ့" ဒီတရားတောင်းဟာ အိမ်ယာတည်ထောင်နေသော လူတွေအားလုံးနှင့် အင်မတန်သင့်တော်သော တရားတောင်းပါ။ အဲဒီတရားတောင်းတော့ မြတ်စွာဘုရားက ဘယ်လိုမိန့်တော်မူသလဲဆိုတော့.. "ပုဏ္ဏားတောင်းတဲ့

အတိုင်းဖြစ်ပါစေမယ်၊ ရွှေ၊ ငွေကိုလည်း မစွန့်ရပါဘူး။ တော
လည်းမထွက်ရပါဘူး။ အဂတ်ကောင်းလည်း ဂတ်ရပါမယ်။
အစားကောင်းလည်း စားရပါမယ်။ သနပ်ခါးလည်း လိမ်းရပါတယ်။
ပန်းလည်းပန်ရပါတယ်။ ပွဲလည်းကြည့် ရပါတယ်။ သေတဲ့အခါ
အပါယ်လေးပါးကိုလည်း မရောက်စေရပါဘူး၊ နတ်ပြည်ကို လည်း
ရောက်ရပါစေမယ်။ သို့သော် ငါဘုရားပြောတဲ့
အတိုင်းလိုက်နာကျင့်ကြံရပါမယ်" လို့ မိန့်တော်မူပါသည်။ ပုဏ္ဏားက
"ဒီလိုဆို ကျင့်ကြံပါမယ်ဘုရား အကျင့်လမ်းစဉ်ကိုသာ
ဟောတော်မူပါတဲ့" "ဒီတော့ မြတ်စွာဘုရားက အကျင့်လမ်းစဉ်ကို
ဘယ်လိုဟောသလဲဆိုတော့.."
(၁) "ငါ့ကို သတ်လျှင် ငါမခံချင်သလို သူများကို ငါကသတ်လျှင်
သူများက ဘယ်ခံချင်ပါ့မလဲ။ သို့အတွက်ငါသည် သူတစ်ပါးအား
သတ်ဖြတ်ခြင်းမှ ရှောင်ကျဉ်ပါအံ့ဟု ကျင့်ရမယ်"။
(၂) "ငါ့ဥစ္စာကိုခိုးလျှင် ငါမခံချင်သလို၊ သူတစ်ပါးဥစ္စာကို
ငါကခိုးလျှင်လည်း သူတစ်ပါးက ဘယ်ခံချင်ပါ့မလဲ။ သို့အတွက်
ငါသည် သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါအံ့ဟု
ကျင့်ရမယ်"။
(၃) "ငါ့သားမယားကို သူတစ်ပါးက မှားယွင်းလျှင် ငါမခံချင်သလို
သူတစ်ပါးသား မယားကို ငါမှားယွင်းလျှင် သူတစ်ပါးက
ဘယ်ခံချင်ပါ့မလဲ။ သို့အတွက် ငါသည် သူတစ်ပါးသားမယားကို
မှားယွင်းခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်"။
(၄) "ငါ့ကို သူတစ်ပါးက လိမ်ပြောလျှင် မကြိုက်သလို သူတစ်ပါးကို
လိမ်လျှင်လည်း သူတစ်ပါးက ဘယ်ကြိုက်ပါ့မလဲ။ သို့အတွက်
ငါသည် မုသားပြောဆိုခြင်းမှ ရှောက်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်"။
(၅) "ငါသည် သူတစ်ပါးသောက်စားမူးယစ်တာကို မြင်လျှင်
မကြည်ညိုသလို၊ ငါသောက်စားမူးယစ်လျှင်လည်း သူတစ်ပါးက

ဘယ်ကြည်ညိုပါ့မလဲ၊ သို့အတွက် ငါသည်သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်”။
ငါးပါးသီလမြဲအောင် ကျင့်ရမည်ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးမှာ စစ်ပွဲတွေ၊ တိုက်ခိုက်မှုတွေဖြစ်နေခြင်းမှာ လူသတ်တာ အကုသိုလ်ဖြစ်ကြောင်းကို လူတိုင်းမသိ၍၊ သိသော်လည်း မကျင့်သောကြောင့်ဖြစ်ပါသည်။ ထို့နောက် သူတပါးပစ္စည်း၊ နယ်မြေလိုချင်တဲ့ လောဘတွေ၊ သူတပါးကို သေစေလိုတဲ့ ဒေါသတွေကြောင့် လောကကြီးမှာ ယနေ့ထိ ငြိမ်းချမ်းမှုတွေ နေရာတိုင်း မရနိုင်သေးတာပါ။
အဒိန္နာဒါနာကံမှာ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ မတော်မတရားယူခြင်း၊ အလေးခိုးခြင်း၊ ဓားမြတိုက်ခြင်း အားလုံးကိုထည့်တွက်ရပါမည်။ ထိုအမှုများ လုပ်ပါက အကုသိုလ်ကံ ဖြစ်သည်ဟုသိပြီး လိုက်ကျင့်ကြပါက လောကမှာ သူခိုးများရှိမည် မဟုတ်တော့ပါ။ မိမိတို့ ပစ္စည်းကိုသာ အသုံးပြု၍ သူတပါးထံမှ လိုချင်သော လောဘတရားလည်း အလိုလိုပယ်သတ်နိုင်ပါလိမ့်မည်။
မိမိနှင့် မောင်နှမသားချင်း ဇနီးကာ သူတပါး သားသမီးအပေါ် ကျူးလွန်ခြင်းအမှု ကာမသုမိစ္ဆာစာရကံကို လူတိုင်းစောင့်ထိန်းကြမည်ဆိုပါက မလိုလားအပ်သော အမှုခင်းများလည်း ဖြစ်မည်မဟုတ်ပေ။ “နှမချင်း စာနာထောက်ထားပါ” “သားသမီးချင်း ကိုယ်ချင်းစားပါ” ဟူသော မြန်မာတို့၏ ယဉ်ကျေးမှု စကားဖြင့်ပင် အသိအလိမ္မာရှိသူတို့အဖို့ ထိုကံကို ကျူးလွန်လိမ့်မည်မဟုတ်ပါ။ ထိုသို့စောင့်ထိန်း ခြင်းကြောင့် လူသားအားလုံး အိမ်ထောင်ရေးပြဿနာ၊ ကိုယ်ကျင့်တရားဖောက်ပြားမှုများ မဖြစ်တော့ဘဲ

သာယာမှုရစေနိုင်ပါသည်။
မုသားစကားဆိုရာတွင် လိမ်ပြောခြင်း၊ ကြမ်းတမ်းစွာဆဲဆိုပြောခြင်း၊
ကုန်းချောစကားပြောခြင်း၊ အကျိုးမရှိသောအပိန်ဖျင်း
စကားများပြောခြင်း တို့ကိုပါမှတ်ယူ စောင့်ထိန်းကြရပါမည်။
စီဘောက်မှာ ဆဲဆိုပြောနေခြင်းများ၊ သူတပါးတွေကို
ကုန်းချောသောစာများကို တွေ့ရပါက မည်သို့ခံစားရသည်ကို
စာဖတ်သူများသိကြမှာပါ။ တရားသိပြီးစောင့်ထိန်းကြပါက ထိုကဲ့သို့
သေးငယ်သော အမှုမှစ၍ ကျူးလွန် ကြမှာမဟုတ်ပါ။
သေရည်အရက်သောက်ပါက မူးယစ်ပြီး ဆုံးဖြတ်ချက်များ
မှန်ကန်စွာမချနိုင်တော့ပါ။ မိမိသောက်လိုက်ခြင်းကြောင့်
ပတ်ဝန်းကျင်လည်း ထိခိုက်ရပါသည်။ အရက်၊ ဆေးခြောက်၊
ဘီယာ၊ မူးယစ်ဆေး၊ ထန်းရည် အားလုံးကို ပါမှတ်ယူ
ရှောင်ကြဉ်ရပါမည်။ မူးယစ်သောက်စားပြီးပါက နောက်ထပ်
မကောင်းမှုများဆက်လုပ်ချင်တဲ့ စိတ်ကဖြစ်လာတက်ပါသည်။
အရက်မူးခြင်းကြောင့်ဖြစ်သော အမှုခင်းများ အားလုံးလည်းဖြစ်မည်
မဟုတ်ပေ။
ထို့ကြောင့်ဘုရားရှင်ဟောကြားခဲ့သော တရားများသည် မွေးခြင်း၊
အိုခြင်း၊ နာခြင်း၊ သေခြင်း စတဲ့ ဆင်းရဲအပေါင်းမှ
လွတ်မြောက်စေခြင်း အပြင် လောကအတွင်း သတ္တဝါအားလုံး
နေနည်းများ ကိုလည်း လမ်းညွှန်ပြထားခဲ့ပေသည်။
လောကရဲ့အလှတရားကို သီလပန်းဖြင့် ဆင်မြန်းမှသာ
တင့်တယ်လှပနိုင်ပါမည်။

ကျွန်တော်တို့အားလုံး ငါးပါးသီလအစဖြာသော သီလတရားကို
စောင့်ထိန်း၍ လောက နှင့် မိမိတို့ သံသရာအတွက် သီလရနံ့ဖြင့်
ထုံမွှမ်းကြပါစို့...။